# ကချင်ပြည်နယ် မိုးညှင်းမြို့ပေါ်က မြွေနဂါးပုံဟန် ဆန်းပြားသောနာနတ်သီး ပေါ်ပေါက်ခဲ့



တောတောင်စိမ်းခင်းအသွယ်သွယ် အုံ့မှိုင်းလျက်ရှိသော ကချင်ပြည်နယ် မိုးညှင်းမြို့ပေါ်တွင် ထူးဆန်းအံ့သြဖွယ်ရာကြုံတွေ့ရသော နာနတ်သီးကြီးတစ်လုံးမှ မြွေနဂါးပုံသွင်ပေါ်ပေါက်လာခဲ့ရသည့်ဖြစ်ရပ်ဆန်းတစ်ခု ကြုံတွေ့ခဲ့ရသည်။ မိုးညှင်းမင်းတရားကြီး၏ ဘုန်းလက်ယာဖြန့်ခင်းခဲ့ရာ မိုးညှင်းသည် ဆင်ဦးကင်းထိပ်၌ ဖျိုင်းတစ်ကောင်နားနေခဲ့ဟန်အား အတိတ်နိမိတ်ကောက်ယူပြီး မိုးညှင်းဟုခေါ်ဆိုခဲ့သည်။ ထိုမိုးညှင်းမြို့၏ အနောက် ဘက်ရှိ ဟဲလုံရွာသည် ရှမ်းတိုင်းရင်းသားတို့နေထိုင်၍ သစ်သီးဂလံမျိုးစုံစိုက်ပျိုးရာနယ်မြေလည်းဖြစ်သည်။ ဟဲလုံရွာ၏အနောက်ဘက်တော၌ တစ်မိုင် ခန့်ကွာလှမ်းသည့် ဖုန်းဆိုးတောကြီးထဲ၌ လွန်ခဲ့သောလေးနှစ်ခန့်က နာနတ်ခင်းကြီးတစ်ခုစိုက်ပျိုးခဲ့ဖူးရာ တောမီးအဟုန်ကြောင့် နာနတ်ခင်းလည်း ပျက်စီးသွားခဲ့ရသည်။ ထိုမီးလောင်ပြင်မှ ယခင်ကဲ့သို့ နာနတ်သီးမှ နဂါးပုံဟန်ကြီးတစ်ခု အံ့သြဖွယ်ရာဖြစ်ပေါ်ခဲ့သည်။ တောမီးကြီးအရှိန်အဟုန်ဖြင့် မီးလောင်ကျွမ်းခဲ့သော်လည်း ေ>မနဂါးပုံသွင်ဖြစ်ပေါ်လာသော နာနတ်သီးကြီးကတော့ မြင်သူငေးလောက်စဖွယ် ဆန်းပြားခဲ့ရသည်။ တောကြီးမျက်မည်း ထဲသို့ ဟင်းသီးဟင်းရွက်ရှာဖွေသူ ဦးဘသိန်းက တွေ့ရှိလာခဲ့ခြင်းဖြစ်သည်။ ယခုရရှိခဲ့သောနာနတ်သီးကြီးမှာ အမြင့် တစ်ပေ၊ အလျား ၁၀လက်မ၊ လုံးပတ် ၂၅လက်မအရွယ်ရှိသည်ဖြစ်၍ အံ့သြထူးဆန်းဖွယ်အဖြစ် မိုးညှင်း၊ ဟိုပင်၊ နဘား၊ မိုးကောင်းဒေသတို့မှ လာရောက်ကြည့်ရှုသူများ နေ့စဉ်ရှိ နေခဲ့သည်ဟု သိရသည်။ ယခင်က ပန်းမုန်လာနဂါးနှစ်ကောင်ပုံသဏ္ဍာန်ကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၀ရက်မှာ ထူးခြားစွာ တွေ့ခဲ့ဖူးတယ်။ ပင်းရဲလှ ဦးတင်အောင်+ဒေါ်အုန်းကြည်၏ မုန်လာခင်းတွင်တွေ့ခဲ့သော ထိုနဂါးနှစ်ကောင်ပုံသဏ္ဍာန်ကို တွေ့ခဲ့ရဖူးသည်။ အလျား ၉လက်မခွဲ ၁၄ လက်မခွဲ၊ ၂၄လက်မ နဂါးနှစ်ကောင်ပုံသဏ္ဍာန်ကို မြင်တွေ့ရသည်။